# MSAN Translation Team

ဘာသာပြန် စာရေးဆရာ - မနုဿာရီ

# ငါရဲ့ခေတ်

စာစဉ်(၁၄)

# ငါ့ရဲ့ခေတ်
# အပိုင်း ၁၃၁

*

ထျန်းချီ တော်ဝင်အမိန့် ခေါင်းဆောင်ရဲ့အဆောင်ပေါ့။ သိုသိုသိပ်သိပ် နေရမယ်။ ဘယ်သူမှသာ မမြင်ရင် ဘာမှတော့ မဖြစ်ဘူး။

အားလုံးရဲ့ ရှေ့တွင် ရဲ့လျိုခုံးက မိချောင်းတစ်ကောင်လို လောဘတက်နေသည်။ ပတ်ဝန်းကျင်မှ ဧည့်သည်များက အကြည့်ချင်း ဖလှယ်ကြလေသည်။

နေပါဦး…။ ထျန်းချီ တော်ဝင်အမိန့်က… ထျန်းချီ တော်ဝင်အဖွဲ့ ခေါင်းဆောင်က သူ ဟုတ်ရဲ့လား။

ရှားယွန်ယန်နှင့် ထန်ထျန်းချီတို့က မကျေနပ်ရာမှ ဖယ်ရှားလိုက်သည်။ သူတို့က အမှန်ပင် မကျေနပ်နေသည်။ မည်သို့ပင် ဆိုစေ ရဲ့ချန်အန်းက ဒီလူရဲ့မွေးစားသားဖြစ်သည်။

ရဲ့ချန်အန်းက ဘယ်သူမို့လို့လဲ ပြဿနာရှာတဲ့ကောင်။ ရဲ့ချန်အန်းလို လူမျိုးကို မွေးမြူထားတဲ့ လူကို ဘယ်လို အကြည့်မျိုး ရှိမယ် ထင်နေကြတာလဲ။ နောက်ပြီး ပိုဆိုးတာက ရဲ့လျိုခုံးက…။ အား…။ ပိုဆိုးတယ်။ ဒါပေမဲ့ တော်ပြီ တော်ပြီ။

"ငါ မင်း အဆင့်အတန်းကို ကိုယ့်ကိုယ်ကိုယ် အနှိမ်မခံတော့ဘူး။ ဆောရီး…။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမနေတော့ဘူး။ "

သူက လက်ခုပ်တီးသည်။

"အစ်ကိုကြီး ငါ တောင်းပန်ပါတယ်။ ငါ့ရဲ့ သားက မသိတတ်ဘူး။ သူ အရမ်းကို မိုက်ရူးရဲဆန်တယ်။ "

ရဲ့လျိုခုံးက အော်ရယ်သည်။

"ဟမ်း... ငါ မင်းကို အားနည်းသူကို အနိုင်မကျင့်ဖို့ ဘယ်နှစ်ကြိမ်တောင် သင်ပြပေးထားရမလဲ။ သိုသိုသိပ်သိပ် နေပါဆို မင်းကို ကြည့်စမ်း။ အဲဒီ ခေါင်းအစုတ်အပြတ် တစ်ခုကြောင့်နဲ့ ပြဿနာ လာရှာနေတာ ဒါ ဘယ်လို အပြုအမူလဲ။ "

သူက အကြိမ်ပေါင်းများစွာ ကြိမ်းမောင်းသည်။ ရဲ့ချန်အန်းက သူ့ကို အထင်သေးသလို ကြည့်သည်။

"ခင်ဗျားပဲ အကျိုးအကြောင်း ကောင်းကောင်း ပြောလို့ မရတော့ရင် တိုက်ခိုက်တာ အကောင်းဆုံးဆို။ "

"ဟုတ်... ဟုတ်... အဟုတ်။ "

ရဲ့လျိုခုံးက တံတွေး နင်သွားသည်။

"မဟုတ်သေးပါဘူး၊ ငါ သူ့ကို သင်ပေးထားတာ မဟုတ်ဘူး၊ တကယ် သူ ပြောနေတာ ငါ မဟုတ်ဘူး"

"အစ်ကိုကြီးရဲ့ တကယ် စိတ်မကောင်းပါဘူး။ ဒီကလေးကလေ ဘာမှကို နားမလည်ဘူး။ ငါတို့ လျော်ကြေးအကြောင်း ပြောကြမလား။ "

ရဲ့လျိုခုံးက လက်ခုပ်တီးသည်။

"အား... လျော်ကြေး ထားလိုက်ပါ။ ငါ မင်းကို ဒီတစ်ခေါက်တော့ ခွင့်လွှတ်ပေးလိုက်မယ်။ "

ချင်ဟောင်ကွမ်းက မျက်မှောင်ကြုတ်ကာ ပြောသည်။

"ရဲ့ချန်အန်းက ကျွန်တော့်သမီးရဲ့ မွေးနေ့ပွဲမှာ သူ့ကို အကြိမ်ပေါင်းများစွာ

နှောင့်ယှက်ခဲ့တာ။ နောက်ပြီး သမက်ကိုလည်း ရိုက်တယ်၊ သားကိုလည်း ရိုက်တယ်၊ ချင် မိသားစု စံအိမ်ကိုတောင် ပြောင်းပြန်လှန်မတတ်ပဲ။ အကျိုးအကြောင်း ပြောရရင် လျော်ကြေးကတော့ ပေးချင်တာ၊ ဒါပေမဲ့ သူ ထျန်းချီ တော်ဝင်အဖွဲ့ကို တောင်းပန်ဖို့ကတော့ နည်းနည်းတော့ ခက်မယ်။ ဘာဖြစ်ဖြစ် ရဲ့လျိုခုံးကလည်း သွားရှုပ်လို့ မရဘူးလေ။ "

"အား... မပေးရတော့ဘူးလား။ "

"ခင်ဗျားကို ဘယ်သူက ခွင့်ပြုချက် ပေးလိုက်လို့လဲ ဟမ်...။ ငါတို့ဘက်က ဘာလို့ မပေးရမှာလဲ"

ရဲ့လျိုခုံးက ခေါင်းကို ခါသည်။

" ဒီကောင်စုတ်လေးက ဒီတစ်ခေါက်တော့ စိတ်ရူးပေါက်သွားတာပဲ။ ဒီ တိုင်း လွှတ်ပေးလို့ မရဘူး"

ချင်ဟောင်ကွမ်းက မဲ့သက်သွားသည်။ ထို့နောက် သူသည် မဲ့သက်နေသော အကြည့်မျိုးဖြင့် ပြောသည်။

"မင်း ဆိုလိုတာက ငါတို့ ချင်မိသားစုက ပေးရမှာလား"

ရဲ့လျိုခုံးက ထိုသို့ ဖြစ်စေလိုသော ပုံစံမျိုးဖြင့် ခေါင်းငြိမ့်သည်။

"မဟုတ်ရင်ရော ငါ့ကို ပေးစေချင်နေတာလား။ ဘုရားရေ...။ "

ချင်ဟောင်ကွမ်းက မျက်မှောင်ကြုတ်ကာ ပြော၏။

"အစ်ကိုကြီး ငြင်းဖို့ မကြိုးစားပါနဲ့၊ ငြင်းဖို့ ကြိုးစားနေတာတော့ မဟုတ်ပါဘူးနော်။ မင်း အသံက တအားကျယ်တာပဲ၊ ငါတောင် ကြောက်သွားပြီ။ ငါ့ရဲ့ အန်းလေးဆိုရင် ပိုကြောက်မှာပေါ့၊ သူက ကလေးပဲ ရှိသေးတာ"

ချင်ဟောင်ကွမ်း၏ မျက်နှာက မည်းမှောင်လာသည်။ ထိုအခါ ရဲ့လျိုခုံးက ဆက်ပြောသည်။

"အစ်ကိုကြီး ငြိမ်းချမ်းရေးပဲ ယူရအောင်၊ ငါ ခင်ဗျားကို မျိုးမစစ် အိုကြီး အဖြစ် မပြောင်းချင်ဘူး"

ချင်ဟောင်ကွမ်းက ဒေါသကို ဖိနှိမ်ပြီး အေးစက်စွာ ပြောသည်။

" ရဲ့ချန်အန်းက င့ါရဲ့ ချင်မိသားစု စံအိမ်ကို လာပြီး ပြဿနာရှာတာ အထင်အရှားပဲ။ သူက င့ါသမီးကိုလည်း ရိုက်တယ်၊ င့ါသားကိုလည်း ရိုက်တယ်၊ နောက်ပြီး င့ါသမက်ကိုပါ ထင်သလို ထိခိုက်အောင် လုပ်သေးတယ်"

ထိုအချိန်တွင် ချင်ဟောင်ရမ်ကလည်း အောင့်အည်းမခံနိုင်တော့ဘဲ ခုန်ထွက်ကာ အော်ဟစ်သည်။ ရဲ့လျိုခုံးက အဝေးမှနေ၍ သူ၏ မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး ၁၀ မီတာခန့် အကွာသို့ လွင့်ထွက်သွားစေသည်။

"နေပါဦး... မင်းက ဘယ်သူလဲ။ "

ရဲ့ချန်အန်း၏ နှုတ်ခမ်းက တွန့်သွားသည်။ သူ ထိုအဘိုးကြီး ပြောဖူးသော စကားကို သတိရသွားသည်။

"ဘာလဲ... နှိမ့်ချရမယ်... နှိမ့်ချတယ်ဆိုတာ ဒီလိုမျိုးများလား"

"ရဲ့လျိုခုံး မင်း အရမ်း လွန်လာပြီ"

ချင်ဟောင်ကွမ်းက ဒေါသတကြီးဖြစ်ပြီး တုန်ရင်လာသည်။

"အင်း... ခင်ဗျား ပြောတာ မှန်တယ်။ ငါ နည်းနည်း လွန်သွားပြီ"

ရဲ့လျိုခုံးက ခေါင်းငြိမ့်သည်။ ချင်ဟောင်ကွမ်း၏ စိတ်ထဲ နည်းနည်း ကောင်းသွားသည်။

"လွန်တော့ ဘာဖြစ်လဲ အဘိုးကြီးရဲ့ ဟမ်...။ ခင်ဗျား မကျေနပ်ဘူးလား။ င့ါကို အခွင့်ကောင်း ယူချင်လို့လား"

ရဲ့လျိုခုံး ...။

"ဒီကောင် အခွင့်ကောင်း ယူချင်နေတာ"

ချင်ဟောင်ကွမ်း၏ မျက်နှာကလည်း ခရမ်းပြာရောင်သို့ ပြောင်းလာသည်။

"ခင်ဗျား ပေးမှာလား မပေးဘူးလား ပြော။ "

သူသည် အလွန် ထူးခြားသော မီးခိုးတိမ်တိုက်များကို ချင်ဟောင်ကွမ်း၏ မျက်နှာတည့်တည့်သို့ မှုတ်ထုတ်ပစ်လိုက်သည်။

"ဘာကို ပေးရမှာလဲ။ ဒီနေရာမှာ ရှိတဲ့ လူတိုင်းက ဘယ်သူက ပြဿနာရှာတာ မြင်ပြီးသား။ ဘာလို့ ငါ့ရဲ့ ချင်မိသားစုက ပေးရမှာလဲ။ "

ချင်ဟောင်ကွမ်းက အံကြိတ်သံဖြင့် ပြောသည်။

"မျက်မြင်သက်သေ။ "

ရဲ့လိုျုခုံးက နှာခေါင်းရှုံ့သည်။ ရွှေကောင်းကင် ဓားကြီးက လက်ထဲတွင် ပေါ်လာပြီး သူက ဓားကို မှီ၍ ဧည့်သည်များကို ကြည့်သည်။

"မင်းတို့ မြင်လိုက်လား။ "

လူတိုင်းက တုန်သွားသည်။

"မမြင်ဘူး... ငါ... ငါ့မျက်လုံး မကောင်းဘူး"

"ဟုတ်တယ် ဟုတ်တယ် ငါ မျက်မှန် တပ်ရတာ။ အခု မျက်မှန် ကျန်ခဲ့လို့"

"ဟုတ်တယ် ငါက အနီးကို ဒီဂရီက ၃၀၀ ကျော်တယ်"

"ငါ မနေ့ကတင် မျက်စိအားဆေး လှူထားတာ"

"ငါ့ရဲ့ မျက်လုံးထဲ စူပါဂလူး ဝင်သွားလို့"

အားလုံးဟာ ခေါင်းခါကြလေသည်။

"တွေ့လား... သူတို့က မမြင်ဘူးတဲ့။ ဒါ အကျိုးအကြောင်း ပြောရအောင်။ တကယ်လို့ တစ်ယောက်ယောက် မြင်လိုက်ရင်တော့ ကိစ္စမရှိဘူး၊ ဒါပေမဲ့ မ

မြင်ဘူးလို့ ပြောတယ် မဟုတ်လား။ ငါ မြင်တာကတော့ ခင်ဗျားက င့ါရဲ့ ရှောင်အန်းလေးကို အနိုင်ကျင့်နေတာပဲ။ ဒါက တကယ်ကို ဖြစ်ထားတဲ့ အခြေအနေ ဆိုတော့ ခံစားချက်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုအတွက် လျော်ကြေး ပေးရမှာပဲ"

"ငါတို့ ချင်မိသားစုက သက်သေပြပေးနိုင်တယ်"

"မင်းတို့ ချင်မိသားစုရဲ့ စကားကို ထည့်မတွက်ဘူး"

"ဒါဆို ဘာလို့ မင်းရဲ့ စကားကို ထည့်တွက်တာလဲ"

"ခန့်မှန်းကြည့်လေ"

ချင်ဟောင်ကွမ်း ...

"ဟုတ်တယ်၊ ဒီ ရဲ့လျိုခုံးက အဆိုးဆုံးပဲ။ သူက သူ့ရဲ့လူကို အရမ်း ကာကွယ်ပေးတတ်တာ၊ ကြောက်စရာကောင်းလောက်အောင် ကာကွယ်ပေး တတ်တာ။ ရဲ့ချန်အန်းရဲ့ ကာကွယ်ခြင်း သဘောသဘာဝက ဒီကောင်ဆီက လာတာ။ သူ့လူက မှားခဲ့ရင် ငြိမ်းချမ်းရေး ယူလိမ့်မယ်။ ခင်ဗျားတို့ဘက်က မှားရင်တော့ သွားပြီပဲ။ အဆုံးသတ်ထိ လိုက်တော့မှာ။ ပိုပြီး တိတိကျကျ ပြောရရင် တစ်ယောက်က လူရမ်းကား အိုကြီး။ နောက်တစ်ယောက်က လူရမ်းကား အိုလေး။ မင်း ပေးမှာလား မပေးဘူးလား၊ အချိန်က အဖိုးတန် တယ်နော်"

ရဲ့လျိုခုံးက နောက်ထပ် စီးကရက်တစ်လိပ်ကို ထပ်ထုတ်ပြီးနောက် မီးညှိ လိုက်ကာ ချင်ဟောင်ကွမ်း၏ မျက်နှာကို မီးခိုးများ မှုတ်ထုတ်လိုက် ပြန်သည်။

"င့ါရဲ့ ချင်မိသားစုက မပေးရင် ဘာဖြစ်မလဲ။ "

"ဒါဆိုလည်း မပေးနဲ့ပေါ့။ လာလေ... တိုက်ခိုက်လို့ ရတယ်။ နေရာ ရှာ

စမ်းပါ… ချောင်ယန် ပန်းခြံလား၊ အဲဒီနေရာ မကောင်းဘူးလား၊ တော်တော်လေး ကျယ်တယ်။ "

ချင်ဟောင်ကွမ်း …

"မင်း ဘာ လိုချင်တာလဲ။ "

"သင့်လျော်မယ်လို့ ထင်တာ တစ်ခုခု ပေးပေ့ါ။ "

"ရွှေကျောက်စိမ်း အဆင့် ၈ သားရဲ အမြုတေ ၁၀ ခုလောက် ဆိုရင်လည်း ရပါတယ်"

ရဲ့လျှိုခုံးက ခံစားချက်ကင်းမဲ့စွာ ပြောသည်။

"ပေးလိုက်"

ချင်ဟောင်ကွမ်းက အံကြိတ်သံဖြင့် ပြောသည်။

"အဖေ…"

ချင်ဟောင်ယွဲ့က လက်မခံလိုသေးပေ။

"ပေးလိုက်လို့ ငါ ပြောနေတယ်"

ချင်ဟောင်ယွဲ့ကသာ ချင်မိသားစု စီးပွားရေးကို ထိန်းချုပ်ထားသူ ဖြစ်သည်။

"ဒီမှာ…"

ရဲ့လျှိုခုံးက ရွှေကျောက်စိမ်း အဆင့် ၈ သားရဲ အမြုတေ ၁၀ ခု ရလိုက်သော်လည်း သူက ကျေနပ်သွားသည်။ ထိုအခါ ပြုံးလိုက်၏။

"ဟီး… ငါ နောက်တာပါ အစ်ကိုကြီးရယ်။ မင်း အရမ်း ကြင်နာတတ်တာပဲ၊ လက်ဆောင် လာသင်ပေးနေတယ် ဆိုတော့ ငါ တကယ့်ကို ယူလိုက်ပါ့မယ်။ ဟော့ကောင်လေး… မြန်မြန် လုပ် သွားမယ်၊ သူ စိတ်ပြောင်းသွားဦး

မယ်"

ထိုသို့ ပြောပြီးနောက် သူက သားရဲ အမြုတေများကို ရဲ့ချန်အန်းကို ပေးသည်။

"ကောင်းပြီ ကောင်းပြီ... စီးပွားရေး အမြင်ရှိတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ နောက်တစ်ကြိမ် ထပ်ဆုံကြတာပေါ့ အစ်ကိုကြီး"

ချင်ဟောင်ကွမ်း၏ မျက်နှာက ရှုံ့မဲ့နေသည်။

"နောက်တစ်ကြိမ် မရှိဘူး"

"အား... ဒါကတော့ ပြောဖို့ ခက်သေးတာပေါ့လေ"

ရဲ့လျိုခုံးက မေးစေ့ကို ပွတ်ရင်း ပြောသည်။

"ဒါဆိုရင် အားလုံးပဲ စားစရာတွေကို မြိန်ယှက်စွာ စားကြပါဦးနော်၊ မင်းတို့ အနှောင့်အယှက် မပေးတော့ဘူး။ အော်... ညီမလေး ယွီရှန်း၊ ပျော်ရွှင်စရာ မွေးနေ့လေးပါ။ "

မျက်နှာက ဝက်ခေါင်းကဲ့သို့ ဖူးရောင်နေသော ချင်ယွီရှန်းကို လက်ယမ်းပြလိုက်လေသည်။

သူမ၏ အမူအရာက ပို၍ ရှုပ်ထွေးသွားသည်။ သူမ ဘယ်လို ပြောနိုင်ပါ့မလဲ။

"ချင် မိသားစု မင်းတို့ တစ်ခုတော့ မှတ်ထားနော်၊ ဒီနေ့ ကိစ္စက မပြီးသေးဘူး။ ငါက လော့မင်အတွက် အတိုးပဲ ယူပေးလိုက်တာ။ အနာဂတ်မှာ သူကိုယ်တိုင် စာရင်းရှင်းဖို့ လာလိမ့်မယ်။ မင်းတို့ဘက်ကသာ အရမ်းကို ကြောက်စရာကောင်းတဲ့ အဆုံးသတ်မျိုး မဖြစ်ချင်ဘူး ဆိုရင်တော့ အခု ရပ်ဖို့ အကြံပေးချင်တယ်၊ မဟုတ်ရင်တော့..."

ထိုအချိန်တွင် သူ့၏ တပည့်က အော်ဟစ်လိုက်သည်။

"ကောင်စုတ်… မင်းက လူမိုက်လား။ လူကောင်း သူကောင်းလို့ မပြောတတ်ဘူးလား၊ ဘယ်လိုကြောင့် ခြိမ်းခြောက်နေတာလဲ"

"ငါ ဘယ်နှစ်ကြိမ် ပြောရမလဲ၊ နှိပ်နှိပ်ချချ နေပါဆို နားမလည်ဘူးလား"

ရဲ့လျိုခုံးက ရဲ့ချန်အန်းအား ချင်မိသားစု စံအိမ်မှ ဝေးရာသို့ တရွတ်တိုက်ဆွဲခေါ်သွားပြီး ဇာတ်တိုက်သလိုမျိုး ကြိမ်းမောင်း အော်ဟစ် ဆူပူသွားသည်။

ဧည့်သည်များကလည်း တစ်ယောက်ကိုတစ်ယောက် အံ့သြကြည့်နေကြသည်။ သူတို့သည်လည်း နှိမ့်ချမှု ဆိုသည့် စကားလုံးကို အမှန်တကယ်နားလည်သွားကြသည်။

ရဲ့လျိုခုံး ပြောတဲ့ နှိမ့်ချမှုဆိုတာက သူတော့ မဟုတ်ဘူး၊ အခြားသူတွေကို နှိမ့်ချခိုင်းတာ ဖြစ်မယ်။

အပိုင်း ၁၃၁ ပြီး၏။

***